
စွဲမိုးစက်
(ဟံသာဝတီမြေ)
မိုးဇာတ်နှင့် သူငယ်ချင်းများ
ကြုံကြုံခဲ့ရ နှာနှာပါဂဝ

# မိုးဇတ်နှင့် သူငယ်ချင်းများ
# ကြုံကြဆုံရ နာနာဘာဝများ

ကျုပ်တို့ သူငယ်ချင်းတွေလည်း ဦးသီလကြီး ရဟန်း ဝတ်တော့မယ် ဆိုတော့ တအား ပျော်တာပေါ့ သိတယ် မဟုတ်လား။ အသက် ဆယ် လေး ဆယ့်ငါးဆိုတာ လူပျိုပေါက်စ အရွယ်လေ ဒီတော့ ဦးသီလကြီးတို့ အလှူကို လာမဲ့ ရွယ်တူ မိန်းကလေးတွေကို ငမ်းရတော့မှာ ဆိုတော့ ပျော်တာပေါ့ ဆရာတော် ဉူးဝဏ္ဏညာဏ္ဏက နေ့ကောင်းရက်သာ ရွေး ပေးပြီးတည်းက ကျုပ်တို့ လည်း မနားရပါဘူးဗျာ။ အလှူအတွက် လိုအ ပ်တဲ့ အရာတွေ ဝိုင်းဝန်းလုပ်ကိုင် ပေးရတာနဲ့ တစ်နေ့တစ်နေ့ အချိန် ဟာ ဘယ်လို ကုန်မှန်းမသိ ကုန်နေမိတယ်။ ဒီနေ့ညလည်း ထင်းခွဲရမှာ မို့ ကျုပ်တို့ အဖွဲ့ အစောကြီး ကတည်းက ရောက်နေတာဗျ။ လူငယ်လေး တွေပီပီ ဘာပဲခိုင်းခိုင်း သွက်သွက်လက်လက်နဲ့ အားတက်သရော ရှိလှ တော့ ရွာက လူကြီးတွေ ချီးမွမ်းမှုကို ခံရတာပေါ့ဗျာ။ အခုလည်း ကြည့် လေ အစောကြီး လာပြီး ထင်းခွဲပေးနေတာ ကုန်လုနီးနီးတောင် ဖြစ်နေ ပြီ။

"ကဲ ကောင်လေးတို့ ခဏနားကြဦးကွ ဒီမှာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လေး လာစားကြဦး ကျန်တာ နောက်နေ့မှ ဆက်လုပ်ကြ တာပေါ့"

ကျုပ်တို့ ငါးယောက်ကလည်း အလုပ်မှာ အားတက်သရော ရှိသလို အစားမှာ လည်း လက်မနှေးဘူးဗျ တစ်ခါပဲ ခေါ်ရတယ်။ ဟဲ ဟဲ အလုပ်နဲ့ သက်သေပြပြီးပြီ ဆိုတော့ အစားလေးနဲ့ သက်သေပြဖို့ ပဲ ကျန်တော့ တယ်လေ နို့ဟုတ်ဘူးလားလို့ ။

"ဒါနဲ့ အဘိုးလေး သာဂိ တပ်ဦးကျောင်းက ဇရပ်အကြောင်းလေး ပြောပြပါလား"

ကျုပ်လည်း ပျင်းတာနဲ့ ကျုပ်တို့ ရွာက လူပျိုကြီး အဘိုးလေး သာဂိကို သူကြုံတွေ့ခဲ့ရတဲ့ ငယ်ဘဝအကြောင်း ပြန်ပြောပြ ခိုင်းရတာပေါ့ဗျာ။ အဘိုးလေးသာဂိက စကားပြော တအား ကောင်းတာဗျ။ ဗဟု သုတကလည်း တအားစုံတာ ကျုပ်တို့ ကိုလည်း တအား ချစ်တာဗျ။ ကျုပ်တို့ နေ့လယ်နေ့ခင်း ပျင်းတဲ့ အခါတိုင်း အဘိုးလေးသာဂိ အိမ်သွားပြီး အဘိုးလေးသာဂိနဲ့ စကား သွားပြောတာ အဘိုးလေး သာဂိကလည်း ကျုပ်တို့ ရောက်လာရင် သူ့မှာ ရှိသမျှ အကုန် ချကျွေးတယ်ဗျ။ အခုလည်း အလှူအတွက် ထင်းခွဲပေးမှာ က ကျုပ်တို့ အဖွဲ့ ဆိုတာ သိလို့ ရောက်လာခဲ့ ရတာတဲ့ လေ။

"ငါကပြောပြလို့ ရတယ်ကွ တော်ကြာမင်းတို့ အိမ်မပြန်ရဲရင် ငါလိုက်ပို့ နေ့ရလိမ့်မယ်"

"အဘိုးလေး သာဂိကလည်း ကျုပ်တို့ က အဲဒီလောက်လည်း မကြောက်တက်ပါဘူးဗျ။ လုပ်ပါဗျာနော် ပြောပြပါနော်"

"ဒီလိုကွ"

"အဘိုးလေး လူပျိုပေါက်စ အဲ မင်းတို့ အရွယ်တုန်းကပေ့ါ"

"သာဂိ မင်းလိုက်မှာ သေချာလား ငါသွားမှာ က တပ်ဦးကျောင်း

ဘေးကနေသွား ရမှာ နော် အဲဒီနားက ဇရပ်အကြောင်း မင်းသိသားနဲ့ "

"ဟေ့ကောင်မဲလုံး မင်းက လူကို အထင်သေးတာလားကွ၊ သာဂိပါ ကွ ကြောက်သွေးပါရင် လည်ပင်းကနေ ဖောက်ထုတ်လိုက်မယ်"

"အေးပါကွာ ငါကမင်း ကြောက်နေမှာ စိုးလို့ ကြိုပြောထားတာပါ၊ ငါကလည်း မသွားမဖြစ်လို့ သာ သွားရမှာ အဲဒီဘက်ကို သိပ်သွားချင် တာ မဟုတ်ဘူး ၊ ငါတစ်ယောက်တည်း သွားဖို့ ကလည်း မဖြစ်ပြန်ဘူး၊ ဒါ့ကြောင့် မင်းကို အကူညီ တောင်းရတာပါကွာ"

"ရပါတယ် သူငယ်ချင်းရာ ငါမကြောက်တက်ပါဘူး မင်းသာ ကြောက်ပြီး ထွက်မပြေးနဲ့ "

"အဘိုးလေးတို့ က ဘယ်ကိုသွားပြီး ဘာလုပ်မှာ လဲဗျ"

"ဟဲ့ ကောင်ကျော်ဇင်ရ အဘိုးလေး ရေနွေးကြမ်း သောက်စေပါဦး မ င်းကလည်း လောလိုက်တာ"

"ဒီလိုကွ အဘိုးလေးတို့ သွားမှာ က ဇီးတောရွာကို မင်းတို့ ခေါ်တဲ့ ဖွားစိန် နေတဲ့ ရွာပေါ့ကွာ၊ အဲဒီနေ့ညက မဲလုံးက မိန်းမ သွားခိုးမှာ ကွ၊ ငါတို့ လည်း ညဆယ်နာရီ တီးတော့ ရွာကနေ စထွက်ခဲ့တာ အဲဒီညမှ ကွာ တစ်လောကလုံး တိတ်ဆိတ်လို့ တစ်ခါတစ်ခါ ဇီးကွပ်အော်သံ လင် ခေါင်မိုး အော်သံတွေတော့ အဝေး တစ်နေရာရာက ကြားနေရတာက လွဲရင်ပေ့ါ"

"သာဂိရေ ငါတို့ လာမှာ ကို ကြိုတင် သိနေပြီး စောင့်စားနေတာ များ လားကွာ"

"ဟ မဲလုံးရ မင်းက ဘာကို စိုးကြောက် နေတာလဲ"

"ငါကြောက်လို့ ပြောနေတာ မဟုတ်ဘူး ကွ ဟိုကိုမရောက်ဘဲ လမ်း

မှာ တစ်စုံတစ်ခု ဖြစ်သွားရင်"

"တော်စမ်း ... မဲလုံး မင်း ဘာမှ မဖြစ်စေရဘူး ငါ မင်းကို ဇီး တောရွာ မရောက်ရောက်အောင် ပို့ပေးမယ်"

လူငယ်နှစ်ယောက် ညအမှောင်ထဲမှာ တီးတိုးစွာ စကားဆိုရင်း လမ်း လျှောက်လာစဉ် တပ်ဦးကျောင်းနားကို ရောက်မှန်းမသိ ရောက်လာခဲ့ လေပြီ။

လေပူတစ်ချက် ဝှေ့ကာ တိုက်လိုက်ချိန် လျှောက်လှမ်းနေသည့် ခြေလှမ်းများကို နှစ်ဦးသား တိုင်ပင်ထားသည့် အလား ရပ်လိုက်ကြ သည် ။

နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အခြေ နေကို အကဲခတ် နေကြတယ်။ ထို့နောက် မသိမသာလေး ခေါင်းညိတ် အချက်ပြလိုက်ပြီး ဆက်လျှောက် လာခဲ့တာ တပ်ဦးကျောင်း ဇရပ်နံ ဘေးက ညောင်ပင်ကြီး အနားရောက်လာခဲ့ပြီ။

ဘယ်ဆီဘယ်ဝယ်ကမှန်း အတိကျ မသိရသော လင်ခေါင်မိုး အော် သံများ ဆက်တိုက် ထွက်ပေါ် လာပြီးနောက် ရှေ့မှာ မြင်နေရသည့် ညောင်ပင်ကြီးမှ တွဲလောင်းကျနေသည့် ညောင်မုတ်ဆိတ်များက သူတို့ နှစ်ဦးကို လက်ကမ်းကြို နေသည့်အလား။

"သာဂိ ဘယ်လို ဖြစ်တာလဲကွာ အစောက ငြိမ်နေတဲ့ လေက အခုမှ ဘာလို့ တိုက်နေတာလဲ"

"ဟ မဲလုံးရ ငါက ဘယ်လိုသိမှာ လဲ လေပဲ တိုက်ချင်တဲ့ အခါ တိုက် မှာ ပေါ့"

လေတိုက်နှုန်းဟာ တဖြည်းဖြည်း ပိုမိုပြင်းထန် လာသည့် အ

လျှောက် ညောင်ပင်ကြီးမှ အကိုင်းခက်များက ဘယ်ညာယိမ်းနွဲ့ကာ ကကြိုးဆင် နေသည့်အလား ...